www.burmeseclassic.com

# ချစ်ရန့်ကြိုင်

ဦးညာဏ

BURMESE CLASSIC .com

'ချစ်ရန့်ကြိုင်' ဇာတ်ကားကို ကျွန်ုပ်သည် ခင်မေကြီး နှင့် 'ဘီအေမ' ဇာတ်ကားကို ရိုက်ကူးပြီးနောက် ဒါရိုက်တာအဖြစ်နှင့် တတိယအကြိမ်မြောက် စီစဉ်ရိုက်ကူးသော ဇာတ်ကားဖြစ်လေသည်။

'ချစ်နှင့်မပြယ်' ဇာတ်ညွှန်းကို ရေးစဉ်က ကျွန်ုပ်၏ ကျောင်းပြေးအိမ်ပြေးဘဝက စစ်နှင့်ပတ်သက်ခဲ့သည့် ဘဝဖြစ်စဉ်ကလေးများကို ဟိုတစ်ကွက်၊ သည်တစ်ကွက် ထည့်ခဲ့သည်။ ထိုချစ်နှင့်မပြယ်သည် ပြည်သူ့အသည်းစွဲ ဖြစ်သွားသည့်အခါ စစ်တပ်ကို ကျောထောက်နောက်ခံထား၍ စစ်သားတို့ဘဝကို ဖော်ထုတ်သော ဇာတ်ကားတစ်ကားကို စီစဉ်ရိုက်ကူးလိုသော ဆန္ဒတွေပေါ်လာခဲ့လေသည်။

ကျွန်ုပ်၏ ကျောင်းသားခေတ်သည် ပထမကမ္ဘာစစ်၏ အရိပ်အငွေ့မကင်းသော ခေတ်ဖြစ်လေရာ ကျောင်းသည် စစ်သားစုဆောင်းသော အရာရှိတို့အဖို့ အကောင်းဆုံးသွေးဆောင်ရာ၊ မျက်စိကျရာ ဖြစ်ခဲ့သည်။ ကျွန်ုပ်ကိုယ်တိုင် ပြည်မြို့ အစိုးရဟိုက်စကူးကျောင်းတွင် နေစဉ်က စစ်သားစုဆောင်းသော အရာရှိ တရားဟောနေသည်ကို အခြားသော ကျောင်းသားများနှင့်အတူ နားထောင်ခဲ့ရုံမက လူပုံအလယ်တွင် ထိုင်ရာမှထကာ စာရင်းသွင်းခဲ့သည်။

လူ့ဘဝ၏ ခရီးစဉ်တွင် ထူးခြားသော အဖြစ်အပျက်များကို မိမိကိုယ်တိုင်က ပြုလုပ်၍သော်လည်းကောင်း၊ အခြားသူ၏ ပယောဂကြောင့်သော်လည်းကောင်း တွေ့ကြုံရတတ်ရာ ထိုသို့တွေ့ကြုံရသော ထူးခြားမှုများသည် လူတစ်ဦးတစ်ယောက်၏ ဘဝဖြစ်စဉ်ရာဇဝင်တွင် မှတ်တမ်းတင်သကဲ့သို့ ရှိရကား အခါအားလျော်စွာ သတိရခြင်း၊ စားမြုံ့ပြန်ခြင်းဖြင့် နှစ်သိမ့်မှုအရသာကို ရှာနိုင်ပြန်လေသည်။

ထို့အတူ 'ချစ်ရန့်ကြိုင်' စစ်ဇာတ်ညွှန်းကို ရေးမည်ဟု ကြံလိုက်လျှင်ပင် လွန်ခဲ့သည့် ကျောင်းသားဘဝ စစ်တရားနာ၍ စစ်ထဲဝင်စာရင်းသွင်းခဲ့သည်များမှာ ရိုးခနဲ ရိပ်ခနဲ ပြေးဝင်၍ လာကြတော့သည်။

မိတ္ထီလာစစ်တပ်တွင် စစ်သားဘဝက စားရ၊ သောက်ရ၊ နေရ၊ စစ်ရေးပြုရသည့် အခြင်းအရာတို့သည်လည်း အပြေးအလွှားရောက်၍လာပြန်သည်။

ထို့ကြောင့် ပြည်မြို့ဟိုက်စကူးကျောင်းသို့ စစ်သားစုဆောင်းရေး အရာရှိ ရောက်လာခြင်းကို အခြေခံပြီး ဇာတ်ညွှန်းကိုရေး၍ ကျွန်ုပ်၏နေရာတွင် ဇာတ်လိုက်မောင်မောင်အေးကို အစားထိုးပေးလိုက်လေသည်။

ဇာတ်လမ်းမှာ သော်တာအမည်ရှိ ကျောင်းသားတစ်ဦးသည် စစ်သားတရားဟောကောင်းသော အရာရှိစကားကို သဘောကျ၍ စစ်ထဲဝင်သွားရာမှ စစ်သား ဘဝ၏အရသာ အဆိုးအကောင်းကို တွေ့ကြုံခံစားရသည်တို့ကို အသေးစိတ် သရုပ်ဖော်ပေးလေသည်။

စစ်တပ်နှင့် မနီးမဝေးတွင် တင်တင်အမည်ရှိ အမျိုးသမီးတစ်ဦးမှာ စစ်သားတွေ နောက်ပိုးမှု သောင်းကျန်းလွန်းသဖြင့် စစ်သားဆိုလျှင် အော့နှလုံးနာ၍နေလေသည်။

စစ်တပ်တွင် သော်တာသည် ဂျမဒါခေါ် စစ်ဗိုလ်က

www.burmeseclassic.com

www.burmeseclassic.com





လေး ဖူးညိုလက်အောက်တွင် အမှုထမ်းရရာ ဖူးညို၏ မျက်စိထဲ၌ စစ်သားချောသော်တာကို အကြောင်းမဲ့ စပါး မွေးစူး၍နေခဲ့လေသည်။

တင်တင်၏ ရုပ်ချောခေတ်ဆန်သော သတင်းသည် စစ်တပ်ရှိ စစ်သား၊ စစ်ဗိုလ်တို့နားတွင် ရောက်နေရကား တင်တင်ကို အနည်းဆုံးမြင်ဖူးအောင် ကြိုးစားခြင်း၊ စကား ပြောရအောင် ကြိုးစားခြင်း၊ ဝင်ထွက်သွားလာနိုင်အောင် ကြိုးစားခြင်း စသည်ဖြင့် နည်းပရိယာယ်အမျိုးမျိုးနှင့် ပိုးပန်းကြရာ ဂျမဒါဖူးညိုလည်း ပါဝင်လေသည်။

သော်တာမှာ သာမန်စစ်သားမျှသာ ဖြစ်သဖြင့် စစ်သားများနှင့် မျက်နှာကြောမတည့်သော တင်တင်ကျ လောက်မည့် အခြေမရှိသည်နှင့် မိမိကိုယ်ကို စာရေးကြီး ဟန်ဆောင်ကာ တင်တင်မြင်အောင် ကြိုးစားခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး မျက်စိကျမိလေသည်။

ဤသို့ဖြင့် စစ်သားမဟုတ်၊ စာရေးကြီးဖြစ်သည်ဟူသော အထင်ဖြင့် တင်တင်သည် သော်တာနှင့်ချစ်ကြိုက်မိရာ တစ်ခါတစ်ခါ စစ်တပ်မှ ညဘက်တွင် တိတ်တဆိတ်ခိုးထွက်၍ ရည်းစားနှင့် တွေ့ဆုံလေ့ရှိသည်။

တစ်ညတွင် ဂျမဒါဖူးညိုသည် စစ်တပ်အတွင်းသို့ လှည့်၍စစ်ဆေးရာတွင် သော်တာ၏အိပ်ရာမှာ အဝတ်အထည်ပစ္စည်းများကို လူပုံသဏ္ဍာန်လုပ်၍ စောင်ဖြင့်လွှမ်းခြုံထားခဲ့သည်ကို မိသွားရုံမက သော်တာနှင့်တင်တင်ကို သင်္ကာမကင်း ရှိနေခြင်းမှ အကယ်ပင် ချစ်ကြိုက်နေကြလေပြီဟု ရှူးရှူးရှဲရှဲ ဒေါသလွှန်ကဲကာ အခဲမကျေ ရှိနေလေသည်။

ထိုမျှမကသေး၊ ဖူးညိုသည် နောက်တစ်နေ့၌ သော်တာအား နို့ဆီသေတ္တာကို ထမ်းပိုးစေလျက် တင်တင်အိမ်သို့ လက်ဆောင်ပေးရန် ခေါ်ဆောင်သွားရာ သော်တာမှာ အမိန့်ကိုမလွန်ဆန်ရဲဘဲ မျက်စိမျက်နှာပျက်လျက်နှင့် လိုက်ပါရရှာသည်။

တင်တင့်အိမ်သို့ ဂျမဒါဖူးညိုသည် ဟိတ်ဟန်ဝင့်ဝင့်နှင့် နောက်ပါတပည့် သော်တာအပေါ် အသားယူအမိန့်ပေးရင်း ရောက်၍လာလေသည်။ သော်တာအား စစ်ဝတ်စစ်စားနှင့် ဖူးညို၏နောက်ပါးက အခိုင်းအစေခံကာ ပါလာသည်ကို တင်တင်မြင်ရသည့်အခါ အံ့သြသောမျက်နှာထားနှင့် မိမိအား စာရေးကြီးဟန်ဆောင်ကာ အချစ်ကိုရအောင်ယူသည့်အဖြစ်အပျက်များကို တွေးမိတိုင်း ရှက်ခြင်း၊ ဝမ်းနည်းခြင်း ဖြစ်လေသည်။

တင်တင် မျက်နှာ မသာမယာရှိလေ ဖူးညိုသည် သော်တာအား မိမိ၏လက်အောက်ငယ်သားအဖြစ် ပို၍ ပါဝါပြလေသည်။

သော်တာလည်း မည်သို့မျှ မပြောနိုင်ဘဲ ခေါင်းငုံ့၍ ခံရင်း ခိုင်းစေသမျှ လုပ်ရလေသည်။ ဖူးညို၏ မတရားမှုကို မြင်ရသောအခါ တင်တင်မှာ မေတ္တာမျှဖို့ဝေးစွ၊ သော်တာ့ကိုပင် သနားကရုဏာ သက်ပြန်လေသည်။

နောက်ဆုံး၌ တင်တင့်မှာ စစ်သားကိုရှောင်ရာမှ ဖြစ်မိချစ်မိသောအခါ အချစ်ကို ပယ်ဖျက်၍ မရတော့ဘဲရှိကာ မိဘလူကြီးတို့ ဖျောင်းဖျမှုကိုပင် နားမဝင် ရှိလေသည်။

ဤသို့ဖြင့် သော်တာ့၏ စစ်တပ်မှာ နိုင်ငံခြားသို့ ထွက်ခွာရတော့မည့်အမိန့်ကျ၍ တစ်တပ်လုံး ပြင်ဆင်လျက် ရှိလေပြီ။

ချိန်းဆိုသည့်အတိုင်း တပ်ကြီးထွက်မည့်ဆဲဆဲ ညဘက်တွင် ချစ်သူကိုခိုး၍ ထွက်ပြေးတိမ်းရှောင်နေရန် စီမံချိန်းချက်လေတော့သည်။

ထိုည၌ ချစ်သူချင်းပေါင်းသင်းခွင့်ရသဖြင့် သော်တာရော၊ တင်တင်ပါ မွေ့လျော်ပျော်ရွှင် အချစ်ရေယာဉ်တွင် ဒလဟော မျောပါရင်း အိပ်ပျော်၍ကုန်ကြသည်။

အရုဏ်တက်ချိန်တွင် စစ်တပ်မှ တပ်ကြီးထွက်အံ့ဟု နှိုးဆော်သည့် ခရာသံသည် အိပ်မောကျနေသော သော်တာ၏နားတွင်းသို့ စူးရှစွာ ဝင်၍လာရာ အိပ်ရာမှလူးလဲထပြီး စစ်တပ်၏ ပြင်းထန်သောအမိန့်နှင့် မိမိ၏ တာဝန်ဝတ္တရားရှိသည့် သစ္စာတရားတို့ကို နှလုံးသွင်းမိလေသည်။

ညားစ ချစ်ဇနီးမှာ မိမိ၏ရွေ့ရေးကို မတွေးနိုင်ဘဲ အိပ်ပျော်လျက်ရှိလေသည်။ သော်တာသည် ချစ်မယားနှင့် ဝတ္တရားကြားတွင် ဗျာများ၍နေကာ မျက်ရည်များ သွယ်သွယ်စီးဆင်းလျက် ရှိလေသည်။

စစ်တပ်ခရာသံသည် ပြင်းထန်စွာဝင်၍လာလေလေ သော်တာသည် ချစ်သူအား နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်ကာ မချသောနှလုံးဖြင့် ဝတ္တရားနောက်သို့ ကောက်ကောက်ပါအောင် လိုက်လေတော့သည်။

လော်ရီကားကြီးများဖြင့်လည်းကောင်း၊ နွားဆွဲလှည်းများဖြင့်လည်းကောင်း၊ စစ်သားများကိုတင်၍ စစ်

www.burmeseclassic.com

www.burmeseclassic.com



တပ်သည် ထွက်ခွာစပြုလေပြီ။

တင်တင်သည် အိပ်ရာမှနိုးသည်နှင့် ကြည့်လိုက်လျှင် အနီးတွင် ချစ်လင်နှင့်တကွ ၎င်း၏စစ်ဝတ်စစ်စားပစ္စည်းများပါ လုံးဝပျောက်ကွယ်နေသည်ကို တွေ့ရကား ကမ္ဘာမီးလောင်သည့်နှယ် ပူပန်ကြီးစွာနှင့် လင်ပျောက်ကို လိုက်၍ရှာလေသည်။

စစ်တပ်ကြီး သယ်ဆောင်ထွက်ခွာရာ လမ်းအတိုင်း အပြေးလိုက်သည်တွင် ရွေ့လျားသွားနေသော စစ်တပ်ကြီးကို တွေ့ရကား အရှုးပမာအော်ကာဟစ်ကာ သော်တာ့ကို တကြော်ကြော်ခေါ်သော်လည်း သော်တာကား ရှေ့ကားများနှင့် ပါသွားပြီဖြစ်ရကား နောက်ဆုံး၌ ပဋ္ဌာမြေလူး လူးလိမ့်ကျန်ရစ်ခဲ့လေသည်။

စစ်မြေပြင်စခန်းတွင် ဂျမဒါဖူးညိုကြီးနှင့် အတူ သော်တာသည် တူးမြောင်းကတုတ်အတွင်းမှ ရန်သူများကို ပစ်ခတ်ခုခံ၍ နေရသော်လည်း ရန်သူကျည်ဆန်များ ပြင်းထန်လွန်း၍ အကျအဆုံးများရကား ဝေးလံသော အင်္ဂလိပ်တပ်ရင်းစခန်းတစ်ခုသို့ အကူအညီတောင်းရသည့်အခြေသို့ ရောက်လာခဲ့လေသည်။

ဖူးညိုသည် အချစ်နှင့်ပတ်သက်၍ အခဲမကျေရှိနေသော သော်တာကိုသာ ကျည်ဆန်တွေအကြားမှ စွန့်စား၍သွားရမည့် ဆက်သားတာဝန်ကို ပေးအပ်လိုက်ရာ သော်တာလည်း အသက်ဆံဖျား အမြောက်ကျည်ဆန်တွေ တဖွားဖွားကျသည့်အထဲမှ မြင်းတစ်ကောင်ကိုဆွဲ၍ အပြင်းစီးကာ စိုင်းရလေသည်။

ကံအားလျော်စွာ ဘေးမခဘဲ အင်္ဂလိပ်စစ်တပ်စခန်းချရာသို့ ရောက်သွားပြီး အကြောင်းကြားနိုင်သဖြင့် ရန်သူဝိုင်းခံရသော မြန်မာတပ်ကလေးမှာ ချမ်းသာရာရသော်လည်း မြေကတုတ်တူးမြောင်းတွင် ကျန်ရစ်သော ဂျမဒါဖူးညိုမှာကား ခြေထောက်တစ်ဖက်ကို အမြောက်ကျည်ဆန် ကျရောက်ထိမှန်ခြင်း ခံရရှာလေသည်။

စစ်ကြီးပြီးသည့်အခါ မြန်မာစစ်တပ်မှာ နိုင်ငံခြားမှ မျက်နှာပန်းလှလှ ပြန်လာသည်တွင် သော်တာမှာ စစ်ဗိုလ်ကလေးရာထူးနှင့် တိုးတက်သော အဆင့်အတန်းဖြင့် တွေ့မြင်ရသော်လည်း ဂျမဒါဖူးညိုကိုကား ခြေတစ်ဖက်မပါသော ဒုးပြတ်ကြီးကြောင့် ချိုင်းထောက်ကို အသုံးပြုကာ မချိသွားဖြဲ တွေ့မြင်ရလေသည်။

တင်တင်သည် သော်တာ ကောင်းစွာပြန်လာသည်ကို တွေ့ကြုံရပြီးနောက် စစ်အခမ်းအနားနှင့် ကြီးကျယ်စွာ လက်ထပ်သဘင် ဆင်နွှဲရရှာလေသတည်း။

* * *

အထက်ပါ ရုပ်ရှင်ဇာတ်ညွှန်းကို စိတ်ကူးယဉ်စွာ ရေးလိုက်ရသော်လည်း တကယ်တမ်း သရုပ်ဖော်ရေးမှာ လုံးဝမလွယ်ကူသည်ကို တွေ့ရပေသည်။

အထူးသဖြင့် ရန်ကုန်မြို့တွင် မြန်မာစစ်တပ်ဟူ၍မရှိသောကြောင့် ယူနီဘာစီတီကျောင်းမှ အပျော်တမ်းတပ်ကို အားကိုးရလေသည်။

ထိုစစ်တပ်မှာ ကျောင်းရက်ရှည်ပိတ်ချိန်တွင် ၁၀ မိုင်စခန်းသို့သွားရောက် စခန်းချကာ စစ်တပ်တစ်တပ်၏ နေမှု၊ စားမှု၊ လေ့ကျင့်မှု စနစ်အရ နေထိုင်ကြသည့်အကွက်အခန်းအချို့ကို ရိုက်ကူးရလေသည်။ သော်တာအဖြစ်နှင့် ပါဝင်ရမည့် မောင်မောင်အေးအား သေနတ်များ ကိုင်စေလျက် ယူနီဘာစီတီ အပျော်တမ်းတပ် ပတ်ဝန်းကျင်ကို ကျောထောက်နောက်ခံထား၍ကာ ရိုက်ကူးခဲ့ရသည်။

စစ်သားလေ့ကျင့်ခန်းများအတွက် အင်းစိန်မှ လူရွယ်ကျောင်းသားသုံးဆယ်ခန့်ကို စစ်ဝတ်စစ်စား ဆင်ယင်စေလျက် ၁၀ မိုင် လမ်းတစ်လျှောက်တွင် လေ့ကျင့်ပေးရသေးသည်။ အချို့လည်း စစ်ဖိနပ်များဒဏ်ကိုမခံနိုင်ဘဲ ပေါက်ပြဲအနာရ ထော့ကျိုးတွေ ဖြစ်ကုန်ကြသည်။ မင်္ဂလာဒုံ အင်္ဂလိပ်စစ်တပ်ရုံးသို့လည်းသွား၍ လိုအပ်သော အကွက်အခန်းများကို ရိုက်ခွင့်ပြုရန် တောင်းဆိုရသေးသည်။

စစ်မြေပြင်အခန်းကား ကျွန်ုပ်တို့အတွက် အခက်ခဲဆုံးဖြစ်ရာ အင်္ဂလိပ်ရုပ်ရှင်ကားတွေကို သွား၍ကြည့်ရင်း လိုရာအကွက်ကို ရှာရလေသည်။ ဤသို့ဖြင့် မြင်းလိမ္မာတစ်ကောင်ကို အကြောင်းပြု၍ ရိုက်ကူးထားသော ဇာတ်ကားတစ်ကားတွင် စစ်မြေပြင်နှင့် အမြောက်ကြီးများ ပစ်ခတ်သောအခန်း၊ စစ်သားတစ်ဦး မိုးသည်းထန်စွာ ရွာဆဲတွင် မြင်းနှင့်ဒလကြမ်း စီးခန်းကို တွေ့ရကား သက်ဆိုင်ရာ တို့နှင့် ပြောဆို၍ ကူးယူလိုက်လေသည်။

သို့သော် အချောင်ရသော အကွက်အခန်းကို အဆင်ပြေအောင် အသုံးချရေးနှင့် ကျွန်ုပ်တို့၏မင်းသားစစ်သား၏ အမူအရာအလှုပ်အရှားများနှင့် တစ်ဆက်တည်းတပ်မိအောင် ဖန်တီးရေးမှာ မလွယ်လှချေ။

www.burmeseclassic.com

www.burmeseclassic.com



အချောင်ကူးထားသော မြင်းစီးစစ်သား၏ အ၀တ်အစားမျိုးကို ချုပ်ရသည်။ ဦးထုပ်ကိုလည်း အထူးလုပ်ရသည်။ ဤသို့တူညီသော အ၀တ်အစားကိုရသည့်အခါ သော်တာ(မောင်မောင်အေး)အား ၀တ်စေသည်။

အင်္ဂလိပ်မြင်းစီးစစ်သား မိုးပေါက်တွေအကြား စစ်မြေပြင်တစ်လွှားတွင် ကဆုန်စိုင်းသည့်အထဲတွင် မောင်မောင်အေး၏ အနီးကပ်မြင်းစီးရုပ်ကို ညှပ်ပေးမှသာ ယုတ္တိရှိနိုင်မည်ဖြစ်ရာ မိုးရွာရေးအတွက် အကြံဉာဏ် ထုတ်ကြရပြန်သည်။

ထိုအချက်အတွက် သဲမှုန့်များကို လှည်းနှစ်စီးတိုက်မှာယူပြီး သဲကြမ်းများကို ဆန်ခါဖြင့် ဖယ်ရှားရလေသည်။ ပြီးမှ သဲထွက်ရုံမျှသော အပေါက်များဖောက်ထားသည့် ဇလားရှည်ကြီးတစ်ခုကိုလုပ်၍ ခြေထောက်မြင့်မြင့် တပ်စေရလေသည်။

ဤအကြံဉာဏ်ရရန် ကျွန်ုပ်တစ်ဦးတည်းသာမက ထိုအခါက စိတ်၀င်စားစွာ ကူညီကြသော ပန်းချီဆရာကြီး ဦးစံလွင်၊ ဓာတ်ပုံဆရာကြီး ဦး၀ိန်၊ ပန်းချီဆရာကြီး ဦးအုန်းလွင်စသည့် ပညာသည်ကြီးများ၏ စွမ်းရည်များလည်း ပါ၀င်ပေသည်။

ဤသို့ဖြင့် သဲဇလားမှ သဲများကို ကျစေသည်။ သို့သော် သဲများမှာ အထက်အောက် တန်းတန်းကြီးကျဆင်းသဖြင့် အခက်တွေ့ရပြန်သည်။

အချောင်ရထားသော ကားတွင် မိုးရေများမှာ ဒေါင့်တန်းကျဆင်းလာသဖြင့် ကျွန်ုပ်တို့ကလည်း ဒေါင့်တန်းကျဆင်းအောင်လုပ်ဖို့ရာ ကင်မရာစောင်း၍ ချိန်လိုက်ခြင်းဖြင့် ထိုကိစ္စအတွက် ချောမောသွားလေ၏။

ဤသို့ဖြင့် ကင်မရာစောင်းစောင်းချိန်လျက် ကင်မရာရှေ့က သဲမိုး၊ သဲမိုး၏နောက်က စပရင်ပါသော ဖုံကလေးပေါ်တွင် မင်းသားစစ်သားကို မြင်းစီးဟန် ထိုင်စေလျက် လက်နှစ်ဖက်က ဇက်ကို ဆုပ်ကိုင်စေလျက် တွန်းထိုး၍ စီးဟန် အနီးကပ်ရိုက်ယူရလေသည်။

ဓာတ်ကားပြသည့်အခါ ထိုအစီအမံများ အဆင်ပြေမှုကြောင့် အချောင်ကူးသည့်ကား ဟူ၍ပင် ထင်သူမရှိသလောက် တအံ့တသြ ဖြစ်ကုန်ကြသည်။

ခက်သောအခန်းတစ်ခန်း ကျန်သေးသည်။ ထိုအခန်းမှာ သော်တာ အင်္ဂလိပ်စစ်တပ်စခန်းသို့ ၀င်ရောက်၍ဆိုင်ရာ အင်္ဂလိပ်စစ်ဗိုလ်များနှင့် အပြေးအလွှား တွေ့ဆုံရေးပင် ဖြစ်သည်။

ထိုအခန်းအတွက်မှန်တံခါးများပါသော အတွင်းခန်းတစ်ခုကို လုပ်ရပြန်လေသည်။ မှန်တံခါးသို့ မိုးရေများ ရိုက်ပုတ်၍ စီးကျစိုရွှဲနေအောင် တိုင်ကီများကို သုံးရလေသည်။

အင်္ဂလိပ်စစ်ဗိုလ်လုပ်ရန် ရန်ကုန်မြို့ အရက်ဆိုင်များတွင် ကြမ်းပိုးကျ၍နေသော မျက်နှာဖြူကဇော်ဗိုလ်နှစ်ဦးကို နေ့တွက် ကျေနပ်အောင်ပေး၍ စစ်ဗိုလ်လုပ်ခိုင်းရာ သူတို့လည်း သရုပ်တူအောင် ဆောင်ရွက်ကြရှာသည်။

တူးမြောင်းမြေကတုတ်ပြုလုပ်ရန် ပန်းချီဆရာကြီး ဦးစံလွင် အကြံပေးချက်အရ သစ်သားဘောင်များဖြင့် စတူဒီယိုထဲတွင် တူးမြောင်းမြေကတုတ်လုပ်လိုက်ရာ သဘာ၀ကျကျ ဖြစ်ပေါ်လာပြန်သည်။

ဤနည်းဖြင့် ချစ်ရန့်ကြိုင်ဓာတ်ညွှန်းဖြစ်မြောက်အောင် သရုပ်ဖော်နိုင်ခဲ့ပေသည်။ ဂျမဒါဖူးညိုကြီးအခန်းတွင် ကျွန်ုပ်၏ ပညာသည် ရဲဘော်ကြီးလှမောင်ကြီးကားနိုင်နင်းစွာ အသုံးတော်ခံခဲ့၍ တင်တင်အခန်းက ခင်မေကြီးသည် နသံသီးတွဲလောင်းနှင့် ပိုင်ပိုင်နိုင်နိုင် ကပြနိုင်ခဲ့သည်။

အခက်အခဲအမျိုးမျိုး၊ ဉာဏ်အမျိုးမျိုးထုတ်၍ ရိုက်ကူးရသော ဓာတ်ကားဖြစ်၍တစ်ကြောင်း၊ ကျွန်ုပ်ကိုယ်တိုင် စစ်နှင့်ပတ်သက်လျှင် ၀ါသနာထုံသောစိတ်ရင်းကြောင့် တစ်ကြောင်း စိတ်ပါ၀င်စားကာ ပျော်မွေ့လှသည်။

ထိုကားကို ရိုက်ကူးရာ၌ ဒါရိုက်တာ ဦးအောင်မြတ်သည် လက်ထောက်ဒါရိုက်တာ အဖြစ်ဖြင့် များစွာသော အထောက်အပံ့ကို ပေးနိုင်ခဲ့လေသည်။

'ချစ်ရန့်ကြိုင်'ဓာတ်ကားကို ရုံတင်သောအခါတွင် အင်္ဂလိပ် ဘုရင်ခံ ခွင့်ယူ၍ ဘိလပ်ပြန်ခိုက် ဆာဂျေအေမောင်ကြီးဘုရင်ခံအဖြစ် ဆောင်ရွက်ရသောအခါနှင့် ကြုံကြိုက်နေရကား မြန်မာဘုရင်ခံသည် ဤချစ်ရန့်ကြိုင်စစ်ကားကို ကြွရောက်ဂုဏ်ပြုကြည့်ရှုခြင်းကို အမှတ်ရမိသည်။ မြန်မာ့စိတ် စစ်သွေးတို့ကို ကျွန်ုပ်တို့ ရုပ်ရှင်ဖြင့် ဂုဏ်ယူထုတ်ဖော်ချိန်တွင် သာယာ၀တီမှ ဆရာစံကလည်း လွတ်လပ်ရေးအတွက် လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်လျက် ရှိတော့သတည်း။

❖

အတွဲ-၆၊ အမှတ်-၆၆၊ ၁၉၅၂၊ နိုဝင်ဘာ၊ ရှုမဝမဂ္ဂဇင်း

www.burmeseclassic.com